## တိဏကုဋ္ဋိဒ်ယက ထေရာပဒါန်လာ ကျောင်းလှူရကျိုး(၇)မျိုး

သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ မဟာသာသနိက၊ ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ၊

ဆောက်လှူသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရဟန်ကို၊ ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်

၁။ နတ်နှင့်လူနှယ်၊ သန္ဓေတွယ်၍

၂။ စိတ်ဝယ်တောင့်တ (လိုဝယ်မတ)၊ ဆောက်အုံရ၏။

၃။ မထကြက်သီး၊ ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏။

၄။ ခြင်္သေ့၊ သစ်။ ကျား၊ သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက်မူသား၊ တောသူ ဘုတ်

ပြိတ်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်းဖောက်ပြန်၊ ကုမ္ဘဏ်ရက္ခိုသ်၊

နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏။

၅။ မကောင်းအိပ်မက်၊ မမြင်မက်ဖူး၊

၆။ ထင်လျှက်သတိ၊ ခိုင်မြဲဘိ၍၊ ဝိပရိဏာ်၊ ဖောက်ပြန်စိတ်ရင်း၊ ရှုးသွပ်ခြင်းမှ၊

ရှင်းရှင်းလွတ်ရှောင်း၊ ကျိုးဆက်ကောင်း၏။

၇။ နောက်နေှင်းဘဝ၊ ဂုဏကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန့်ပြူးသည်၊

ဆောက်ဦးလှူကျိုး ခုနစ်တည်း။

(မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်)